ဇွန် (၃၀)

## ဘုရားသခင်၏ မွန်မြတ်သန့်ရှင်းပြီး သဘာဝလွန် ထူးခြားဆန်းအံ့ဩဖွယ်ရာ အစအဆုံးမရှိသည့် ဝမ်းမြောက်ဖွယ်ရာမေတ္တာတော်သည် ခွင့်လွှတ်ခြင်းကိုပေးရန် လုံလောက်သောချစ်ခြင်းမေတ္တာပင် ဖြစ်သည်။

**ဘုရား**သခင်၏ သနားခြင်း ကရုဏာတော်သည် အဆုံးမရှိ ထာဝရကာလ အစဉ်အမြဲတည်သည်။ သူ၏ချစ်ခြင်းမေတ္တာ၊ ဂရုဏာတော်၊ ခွင့်လွှတ်ခြင်းနှင့် ကယ်တင်ခြင်းတို့က ဘယ်သောအခါမျှ အဆုံးမရှိ။ မိမိတို့ဘာလုပ်လုပ် မိမိတို့အားချစ်ခြင်းကို သူဘယ်သောအခါမျှ ရပ်ဆိုင်းပစ်လိုက်ခြင်းမရှိ။ မိမိတို့အား ငြင်းပယ်ခြင်းသို့မဟုတ် သူ၏ချစ်ခြင်းမေတ္တာကို ရုပ်သိမ်းလိုက်ခြင်း ဘယ်သောအခါမျှ မပြု။ မိမိတို့မည်မျှဝေးကွာနေလျက် ရှိနေခဲ့စေကာမူ မိမိတို့အပေါ်သူသည် အစဉ်အမြဲမြော် လင့်လျက်ရှိနေခဲ့သည်။ (ဆာလံ ၁၀၃း ၃–၁၄)

မိမိတို့အပြစ်များ၊ ချွတ်ယွင်းချက်များ၊ အကုသိုလ်နှင့် ဒုစရိုက်များက မည်သို့ပင် ဖြစ်နေလင့်ကစား သခင်ယေရှု၏ အသွေးတော်သည် မိမိတို့အပြစ်များ၊ အတိတ်၊ ယခုလက်ရှိနှင့် အနာဂတ်ကာလတို့မှ အပြစ်အားလုံးကိုဖုံးလွှမ်းသည်။ မိမိတို့၏အပြစ်များကို စွန့်လွှတ်၍ သခင်ဘုရားထံပြန်၍လှည့်လျှင် မိမိတို့ဘုရားသခင်သည် ကြွယ်ဝစွာသော ခွင့်လွှတ်ခြင်းကို ပေးမည်သာဖြစ်သည်။ (ဟေရှာယ ၅၅း၇) သမ္မာကျမ်းစာက မိမိတို့အနေနှင့် မည်သည့်အရာကိုပင် လုပ်ခဲ့စေကာမူ “ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်ခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။ (၁ယော ၁း၉) အပြစ်လွှတ်ခြင်းမခံရသည့် တစ်ခုတည်းသောအပြစ်က သခင်ယေရှုကို ယုံကြည်ရန်ငြင်းဆန်ခြင်း မိမိကယ်တင်ရှင်အဖြစ် လက်ခံရန် ငြင်းပယ်ခြင်းပင်ဖြစ် သည်။ လူပေါင်းများစွာတို့သည် ခွင့်လွှတ်ခြင်းကိုတောင်းခံရန် ပျက်ကွက်ခဲ့သည်။ “ခွင့်လွှတ်ခြင်း ရနိုင်သည့် အပြစ်များ” အတွက် ဒုက္ခဆင်းရဲခြင်းကို ခံစားကြရသည်။

မိမိတို့၏ အမှားများကိုသာမက မိမိတို့၏ အပြစ်များအတွက်လည်း ခွင့်လွှတ်နိုင် လောက်အောင် ကြီးမြတ်သည့်ဘုရား မိမိတို့တွင်ရှိသည်။ သူသည် ဤကဲ့သို့ အစဉ်အမြဲ ပြုလုပ်ခဲ့ပြီး အစဉ်ပြုလုပ်ပြီး နောက်လာလတွင်လည်း ပြုလုပ်နေမည်ဖြစ်ရာ ထာဝရကာလ တိုင်ပင်ဖြစ်သည်။ မြစ်ကြီးတစ်သွယ်ကဲ့သို့ မည်သည့်အရာကို ဖြစ်နေစေကာမူ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ဂရုဏာတော်သည် ဆက်လက်စီးဆင်းလျက်ရှိနေမည် သာဖြစ်သည်။